## တောင်ပေါ်ဘုရား

ချူလုံးသံလေး ကလောင်လောင်
ပွဲသွားကြရအောင်
တောင်ပေါ်ရွာဆီ အသုတ်မောင်း
ဗုတ်လုံး တဒေါင်းဒေါင်း

လှည်းယဉ်လေးနဲ့ ပွဲတော်ဆီ
တောင်မြေရွာပတ်လည်
မြိုင့်မြိုင့်သဲစည် ပွဲတော်လေး
ဆယ့်နှစ်ပွဲတော်ဈေး။

မောင်သာလင်း

## ငါတို့ကျောင်း

ကျောင်းမှန်မှန်တက် စာမပေါက်
နေ့စဉ် ရွတ် မှတ် ကျက်
အတွက် အချက် သေချာစေ
မပေါ့လျော့နဲ့လေ
တည်ကြည်မသွေ နိုင်နိုင်ခွဲ
အာရုံ တစ်ခုထဲ (တည်း)
မြဲမြဲ ဦးနှောက်မှာ
မမေ့ဘယ်အခါ
အစကောင်းလာ သေချာနှောင်း
ငါတို့စာသင်ကျောင်း ။

မောင်သာလင်း